# မန်းမင်းသတင်းလွှာ

အမှတ်စဉ် (၉) ဒီဇင်ဘာလ (၁၄) ၂၀၁၄

## ဘုရားသခင်သည်ကျွန်ုပ်အား လက်ဆောင်အဖြစ် ကလေးတစ်ဦးကို ပေးခဲ့သည်



◄ မက်ဆီယာအာဆစ်နှင့် အာဆစ်နာဇီရ်တို့သည် လက်ထပ်ပြီး (၁၀) နှစ်ပြည့်မှ ကလေးရရှိကြသည်။

သင်းထောက်ခုတင်နှင့် သင်းထောက်မဂျန်အီဂျန်တို့သည်လည်း လက်ထပ်ပြီး (၁၂) နှစ်ကြာမှသာလျှင် သမီး ဆိုယွန်းကို ရရှိခဲ့ကြသည်။ ▲

အထက်တွင်တွေ့ခဲ့ရသော ပုံပါလူတို့သည် ဆုတောင်းခြင်းဖြင့် ကိုယ်ဝန်ဆောင်ခဲ့သူများဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ မေတ္တာကို ခံစားရသည့်အပြင် သားသမီးများ ကောင်းမွန်စွာ ကြီးပြင်းလာ သောအခါ ကျေးဇူးတော်မချီးမွမ်းဘဲ မနေနိုင်ကြပါ။ ဘယ်ဖက်အစွန်းဆုံးပုံသည် စင်ကာပူနိုင်ငံမှ ဒေါ်ဖီယိုးနာ၊ ပါကစတန်နိုင်ငံမှ အီနဆန်၊ မက်ဆီ၊ အိန္ဒိယနိုင်ငံမှ ကိုဂျွန်၊ အသင်းလူကြီးဂျန်ဂျူယန်၊ အလယ်တန်း ဘယ်ဘက် အစွန်းဆုံးတွင်လည်း ဂျာမဏီနိုင်ငံမှ ဒေါ်အေးမိ ဆိုးလ်မြို့မှ သင်းတောက်မ ဂျန်ဂျာချို၊ ဂျပန် နိုင်ငံမှ ဒေါ်အိကူမိယမားရှိတာ၊ သင်းထောက်မခုဟီလင်း၊ အောက်ဆုံးတန်း၏ ဘယ်ဖက်အစွန်းဆုံးတွင် သင်း အုပ် ပါကစ္စတန်နိုင်ငံမှ သင်းအုပ်အာဆစ်၊ ဩသရေလနိုင်ငံမှ လျူမီလာ၊ သင်းထောက်မအုတ်ဂျာကင်၊ သင်း ထောက် ဟိုဆိုးဂွန်ကင်း မိသားစုတို့၏ ပုံအသီးသီးဖြစ်ကြသည်။

ဘုရားသခင်သည် ဂျန်ဟီးဂျန်သမီးဆိုယွန်းကို တွေ့သည့်အခါတိုင်းစိတ်လှုပ်ရှားခဲ့ရသည်။ အဘယ့်ကြောင့် စိတ်လှုပ်ရှားရသနည်းဆိုလျှင် သူမကြောင့် အသက်ရှင်သော ဘုရားကို တွေ့ခဲ့ရသောကြောင့် ဖြစ်သည်။ သူမ သည် ကတ်သလစ်အသင်းသူဖြစ်ပြီး အိမ်ထောင်သက်တမ်း (၁၂) နှစ်အတွင်း အမြုံမဖြစ်ခဲ့သည်။ သူမ၏ လင်သည် သင်းထောက်ဖြစ်တစ်ဦးဖြစ်၍ သူမ၏ အလုပ်ရှင်မှ မန်းမင်းဗဟိုအသင်းတော်သို့ ကလေးမွေးဖွားလာစေရန် ဒေါက်တာဂျေရောက်လီ၏ ဆုတောင်းခြင်းခံယူဖို့ သူမကို ခေါ်ဆောင်သွားခဲ့သည်။ ယခုအခါ သူတို့သည် ပျော်ရွှင်သော ခရစ်ယာန်များအဖြစ် အသက်ရှင်နေကြလျက်ရှိသည်။ (ဓာတ်ပုံ၏ ညာဖက်အစွန်ဆုံး)

သူမ၏ အတွေ့အကြုံကို ဤသို့ ပြန်လည်ရှင်းပြခဲ့သည်။ "ကျွန်မသူငယ်ချင်းတွေ ကိုယ်ဝန်ဆောင်တဲ့ သတင်း ကြားတဲ့အခါတိုင်း စိတ်ဓာတ်ကျခဲ့ရတယ်။ ကျွန်မအသက်လည်း တစ်နှစ်ပြီး တစ်နှစ် ကြီးလာနေပါလားဆိုတာ သိတဲ့အချိန်များပိုပြီး စိတ်ပျက်တယ်။" ကျွန်မ၏ယောက်မအိမ်ထောင်ကျပြီး ကိုယ်ဝန်ရလာတဲ့အခါ မနာလိုစိတ် မရှိအောင် မနည်းထိန်းချုပ်ခဲ့ရတယ်။ဒီသတင်းတွေက ကျွန်မကို အရမ်းခက်ခဲမှုဖြစ်စေတယ်။

အိမ်ထောင်ကျသော ဇနီးမောင်နှံနှစ်ဦးသည် မည်မျှပင်ငယ်ရွယ်နုပျိုစေပါစေ၊ ဇနီးသည်သည် အမြုံမဖြစ်ခဲ့သော် မည်မျှပင် ကြိုးစား၍ လုပ်ဆောင်သော်လည်း ကိုယ်ဝန်မရနိုင်ပါ။ ယခုဆိုလျှင် လက်ထပ်သော စုံတွဲ(၇)တွဲလျှင် တစ်တွဲသည် မြုံသော စုံတွဲဖြစ်တတ်သည်။

ကိုးရီးယားနိုင်ငံ၏ ကျန်းမာရေးအာမခံချက်နှင့် စစ်တမ်းကောက်ယူချက်အရ ၂၀၁၀ ပြည့်နှစ်တွင် မြုံသောပြ သနာကြောင့် ဆေးကုသခံယူခဲ့သူများမှာ ၁၈၄ယ၅၇၆ ဦးရှိသဖြင့် ၂၀၀၆ခုနှစ်ထက် ၂၄.၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်း အရေအတွက်အားဖြင့် ၁၄၈ယ၄၀၈ ဦးဖြစ်သည်။ သို့သော် လွန်ခဲ့သော (၃၂) နှစ်အတွင်း ဒေါက်တာလီ၏ ဆုတောင်းချက်ကြောင့် မိခင်အမြောက်အများ ကလေးရရှိခဲ့ကြသည်။

သင်းထောက်မ အုတ်ဂျာကင်သည် ကွန်ဂျူတွင် နေထိုင်စဉ်ကာလ ကလေးမရနိုင်သဖြင့် ကိုယ့်ကိုကိုယ် သတ်သေဖို့ ကြိုးစားခဲ့သည်။ သူမကို အရေးပေါ်ခန်းသို့ အချိန်မှီ ပို့ပေးနိုင်သဖြင့် အသက်ကယ်ရန် အချိန်မှီခဲ့သော်လည်း သူမသောက်ခဲ့သည့် ပိုးသတ်ဆေးကြောင့် အဆုပ်၊ အသဲ၊ နှလုံးစသည့် ကလီစာများ ပြင်းထန်စွာ ထိခိုက်ပျက်စီးခဲ့သည်။ သူမမကြာမီသေတော့မည် ဖြစ်သဖြင့် မိသားစုမှ ပြင်ဆင်ထားခဲ့သည်။ ထိုစဉ် သူ၏ အမဖြစ်သူက ကိုယ်စားပြု၍ ဒေါက်တာလီ၏ ဆုတောင်းခြင်းခံယူခဲ့ရာ အနာငြိမ်းခြင်းခံရသည့်အပြင် (၂) နှစ်ကြာပြီးမှ ကိုယ်ဝန်ဆောင်နိုင်ခဲ့သည်။ သူမ၏ သားဆန်ဝူးသည် ယခုအခါ ၁၀ တန်းကျောင်းတက်နေသည့် ကျောင်းသား ဖြစ်သည် (ပုံ ၁၁)။

၁၉၉၃ ခု ဒေါက်တာလီ၏ နိုးထမှုအစည်းအဝေးတွင်းသူ၏ ဆုတောင်းချက်ကြောင့် စုံတွဲဒါဇင်ပေါင်းများ စွာ ကိုယ်ဝန်ဆောင်နိုင်ခဲ့ကြသည်။ ကိုးရီးယားနိုင်ငံရှိ အခြားဒေသမှ မြုံသောမိန်းမများလည်း ကိုယ်ဝန်ဆောင်ခဲ့ ကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ သင်းထောက်မ ဆူကီရာဟာရူကို၏ သမီးသည် အမြုံမဖြစ်သောကြောင့် ဆေးဝါးကုသမှု များစွာ ခံယူပြီး ကလေးမရသေးသောကြောင့် ဒေါက်တာလီထံသို့ ဆုတောင်းခံချက် တင်ပြခံသည်။ ထိုသင်းထောက် သည် ယုံကြည်ခြင်းအားဖြင့် မြေးချီရသော အခွင့်ရခဲ့သည်။ အသင်းလူကြီးဂျက်ကြူဇူနှင့် သင်းထောက်မယွန်ဟောင်းချိုင်တို့သည် ဒေါက်တာလီ၏ ဆုတောင်းခြင်းဖြင့် ကလေးရသည့်နောက် ယာမကာတာ မန်းမင်းအသင်းတော်ကို တည်ထောင်ခဲ့ကြသည်။ ထိုအသင်းတော်မှ တဆင့် ကိုယ်ဝန်ဆောင်ခြင်း ကောင်းကြီးခံစားရ သူ အမြောက်အများ ရှိခဲ့သည်။

သင်းအုပ်ဆရာ အာဆစ်နာဇီးရ်သည် သူ၏ ဇနီးဆိုက်ထားသော ဓာတ်ပုံကို ဒေါက်တာလီထံသို့ ပို့၍ ဆုတောင်း စေခဲ့သည်။ နေရာအလှမ်းကွာဝေးစေကာမူ ကိုယ်ဝန်မဆောင်နိုင်သည့်အရာအတွက် ဆုတောင်းပေးခဲ့သည့် နောက် အိမ်ထောင်သက် (၁၀) နှစ်မြောက်တွင် သားတစ်ဦးမွေးဖွားခဲ့ကြောင်း ဘုရားသခင် ၏ ဂုဏ်တော်ကို ချီးမွမ်း၍ သက်သေခံခဲ့သည် (ပုံ ၉)။ ဩသရေလနိုင်ငံမှ ဒေါ်လျူမီလာသည်လည်း အိမ်ထောင်ကျပြီး (၃)နှစ်အတွင်း ကလေး (၂) ကြိမ်ပျက်ကျ သည့်နောက် ကိုယ်ဝန်မရနိုင်တော့ပါ။ ထိုစဉ် ဒေါက်တာလီ၏ ဆုတောင်းခြင်းခံယူခဲ့သောအခါ သားတစ်ဦး မွေးဖွားခဲ့သဖြင့် ရှောလမုန်၏ အမည်ပေးခဲ့သည်။ သူမသည် ကလေးမွေးဖို့ အသက်အရွယ်အားဖြင့် ကြီး သော်လည်း အခက်အခဲမရှိဘဲ မွေးဖွားနိုင်ခဲ့သည် (ပုံ ၁၀)။

စင်ကာပူနိုင်ငံရှိ ဒေါ်ဖီယိုးနာသည်သားအိမ်မကောင်းသောကြောင့် သူမ၏ လင်အားလက်က အင်္ဂလိပ်ဆေး၊ တရုတ်ဆေး စသည်ဖြင့် အမျိုးမျိုးစမ်းသပ်ကာ ကလေးရနိုင်ဖို့ဆေးကုသမှုခံယူစေခဲ့သည်။ သို့သော် စိတ်ပျက် ခြင်းသာ အဖက်တင်ခဲ့သည်။တစ်နေ့သောအခါ ဒေါက်တာလီ၏ အနာငြိမ်းခြင်းစာအုပ်ကို တွေ့၍ ဖတ်ရှု ခဲ့ကြသည်။ ထို့နောက် ဘုရားကျောင်းသို့ သွား၍ ဆုတောင်းခံယူခဲ့သည့်နောက် သားတစ်ဦး မွေးဖွားခဲ့သည် (ပုံ ၁)။

ဆာလံဆရာက "ဖွားမြင်သောသားသမီးတို့သည် ထာဝရဘုရား ဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။" (ဆာ ၁၂၇း၃) ဟု ရေးသားခဲ့သည်။ ရှုနင်မြို့သူတစ်ယောက်သည်လည်း အမြုံမဖြစ်နေ စဉ် ဘုရားသခင်၏ လူလေိရှဲက ကလေးမွေးလာမည်ဟု ပြောသည့်နောက် ကိုယ်ဝန်ရလာသည်။ (၄ရာ ၄) ဖွလိဇဘက်သည် အသက်အရွယ်လွန်မှ ဘုရားသခင်ပြင်ဆင်ပေးသဖြင့် သားတစ်ဦး မွေးဖွားခဲ့သည်။ သူသည် ဗတ္တိဇံဆရာယောဟန်ဖြစ်သည်။ ဟန္နသည် ဘုရားသခင်ထံသို့ ဆုတောင်းသောအခါ ရှာမွေလကလေးကို မွေး ဖွားခဲ့သည်။ယနေ့တွင်လည်း ယခင်ကကဲ့သို့ တန်ခိုးပါသော ဆုတောင်းချက်၊ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်သော သားသမီးများ စိတ်လိုအင်ဆန္ဒများကို ဘုရားသခင် အဖြေပေးလေ့ရှိသည်။ ဘုရားသခင်နှင့် မည်သို့သော ပဋိပက္ခပင်ရှိစေကာမူ၊ အစွမ်းအစမရှိသောသူဖြစ်စေကာမူ ယုံကြည်ခြင်းအားဖြင့် စတင်လုပ်ဆောင်ပါ။ သင် သည် အဖြေရရှိလိမ့်မည်။

# ရုပ်တုဆင်းတုတို့ကို ကိုယ်အဖို့မလုပ်နှင့်

"အထက်မိုးကောင်းကင်၌ ၎င်းအောက်အရပ်မြေကြီးပေါ်၌ ၎င်းမြေကြီးအောက်ရေထဲ၌ ၎င်းရှိသော အရာနှင့် ပုံသဏ္ဌာန်တူအောင်၊ ရုပ်တုဆင်းတုတို့ကို ကိုယ်အဖို့မလုပ်နှင့်၊ ဦးမချ၀တ်မပြုနှင့်" အကြောင်းမူကား သင်၏ ဘုရားသခင် ငါထာဝရဘုရားသည် သင့်ကို မြတ်နိုးခုံမင်ချစ်သနား အားကြီးသောကြောင့် သူတစ်ပါး လက်ဝယ်သို့ သင်ရောက်မည်ကို မနှစ်လို၊ နှမြောတသသဝန်တိုသော ဘုရားဖြစ်သည်။ ငါ့ကို မုန်းသော သူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသောဘုရား၊ ငါ့ကို ချစ်၍ ငါ့ပညတ်တို့ကိုကျင့်သော သူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ကရုဏာကိုပြသော ဘုရားဖြစ်၏" (ထွ ၂၀း၄-၆)။



သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

ပညတ်တော်(၁၀)ပါးအနက် ပထမနှင့်ဒုတိယပညတ်တို့သည် မခွဲခြားတတ်သူအဖို့ အတူယူဟု ယူဆလိမ့်မည်။ သို့သော် သူတို့သည် ခြားနားလျက်ရှိသည်။ ပထမပညတ်တော်အရ ငါမှတစ်ပါးအခြားသော ဘုရားကို မကိုး ကွယ်ရဟု ဖော်ပြထားသဖြင့် အခြားဘုရားများ ကိုးကွယ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ ၎င်း၏ဆို လိုရင်းမှာ ဘုရားသခင်တစ်ပါးတည်းသာ တစ်ဆူတည်းသော ဘုရားဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် သူ့ကိုချစ်၍ အစေခံရမည်။ ဒုတိယပညတ်တော်မှ "ရုပ်တုဆင်းတုကို မကိုးကွယ်ရဟု တားမြစ်ထားသဖြင့် ရုပ်တုကိုး ကွယ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ယခုရုပ်တု၏ အဓိပ္ပာယ်နှင့် ဝိညာဉ်သရုပ်တုဆိုသည်မှာ အဘယ် နည်း။"

## ၁။ သရုပ်တုဆိုသည်မှာ အဘယ်နည်း

ရုပ်တုဆိုသည် ကိုးကွယ်ရန်ထားသော ရုပ်ပွားတော်ဖြစ်သည်။လူတို့အနေဖြင့် လူ၊ ကုန်းသတ္တဝါ၊ ပိုးကောင်၊ ငှက်၊ ငါး၊ နေ၊ လကြယ်များ၊ သစ်ပင်၊ စိတ်ကူးယာဉ်ပုံတစ်မျိုးမျိုး၊ ကျောက်တုံး၊ သံသတ္တု၊ ရွှေငွေစသည့် ပုံသဏ္ဌာန်အမျိုးမျိုးကိုယူ၍ ပုံတူတုလုပ်ခဲ့ကြသည်။ ရုပ်တုကိုးကွယ်ခြင်းဆိုသည်မှာ ထုလုပ် ထားသော ရုပ်ပွားတော်ကို ပူဇော်ပသခြင်းဖြစ်သည်။

ရုပ်တုများသည် လူ၏ ပြုလုပ်ခြင်းကို ခံရသောကြောင့် လူကိုကောင်းကြီးပေးဖို့လည်း မတတ်နိုင်ပါ။ လူသည် ဖန်ဆင်းရှင်ဘုရား၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခြင်းခံရသော သတ္တဝါဖြစ်သည်။ လူ သည် သူနှင့်ပုံသဏ္ဌာန်တူသော ရုပ်ပွားတော်ကို ထုလုပ်ကာ ထိုအရာကို ကိုးကွယ်၍ ကောင်းချီးတောင်းခံမည်ဆို လျှင် မည်မျှ ရှက်ဖွယ်ရာကောင်းလိမ့်မည်နည်း။ (ဟေရှာ-၄၆း၆-၇) တို့အပြင် အဆောင်လက်ဖွဲ့ထားခြင်း၊ သေသောသူကို ကိုးကွယ်ခြင်း၊ မှော်အတတ်ကို ကျင့်သုံးခြင်းတို့သည်လည်း ရုပ်တုကိုးကွယ်ခြင်းဖြစ်သည်။

လူတို့သည် အသုံးမဝင်သော ရုပ်ပွားတော်များကို ပြုလုပ်ကာ ကိုးကွယ်ခြင်းဖြင့် မြင်နိုင်သည့် အရာ ကို ကြည့်ကာ စိတ်သက်သာရာရစေဖို့ ရှာဖွေခဲ့ကြသည်။

ဘုရားသခင်သည် နံ့ဝိညာဉ်ဖြစ်သောကြောင့် တူညီသော ပုံသဏ္ဌာန်ကို ထုလုပ်ကာ ကိုးကွယ်၍ မရပါ။ အချို့ယုံကြည်သူများအနေဖြင့် ယေရှု၏ ရုပ်ပွားတော်ကို ထုလုပ်ကာ ကိုးကွယ်ကြလျက်ရှိသည်။ သာဓကအနေဖြင့် ယေရှု၊ မယ်တော်မာရိတို့၏ ပန်းချီကားချပ်၊ ရုပ်ပွားတော်အပါအဝင် အခြားယုံ ကြည်ခြင်း ၏ သူတော်စင်များကို ကိုးကွယ်သည့်အဖြစ်များကို တွေ့ရသည်။ထိုသို့သော ရုပ်ပွားတော်၊ ပန်းချီကားချပ် တို့သည် သခင်ယေရှု၏ ပုံအစစ်မဟုတ်ဘဲ ပြုလုပ်သော သူ၏ စိတ်ကူးအိပ်မက်ထဲမှသာ ထွက်ပေါ် လာခြင်း ဖြစ်သည်။ အပျိုကညာမာရိ၊ အခြားသူတော်စင်တို့သည်လည်း ဖန်ဆင်းခြင်းခံရသော သတ္တဝါများသာ ဖြစ်ကြ သဖြင့် ကိုးကွယ်ဖို့ ထိုက်တန်သူများ မဟုတ်ပါ။ ဤအရာများကို ကိုးကွယ်ခြင်း၊ ရည်စူးကာ ဆုတောင်းခြင်း တို့သည် ရုပ်တုကို ကိုးကွယ်ခြင်းဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းသာ ကျွန်ုပ်တို့ ကိုးကွယ်ရမည်ဖြစ်ပြီး ဆုတောင်းပဋ္ဌနာ ပြုအပ်သော သူဖြစ်သည်။

လူအချို့တို့က လက်ဝါးကပ်တိုင်ကိုလည်း ရုပ်တုတစ်မျိုးပင်ဖြစ်ကြောင်း ထောက်ပြခဲ့ကြသည်။ သို့ သော် လက်ဝါးကပ်တိုင်သည် ဧဝံဂေလိတရားအပေါ် ယုံကြည်ခြင်း၏ သင်္ကေတတစ်မျိုးသာ ဖြစ်သည်။ လက်ဝါးကပ်တိုင်ကို ကြည့်ခြင်းအားဖြင့် ကျေးဇူးတော်တို့ကို သတိရဖို့ ဖြစ်သည်။ လက်ဝါးကပ်တိုင်သည် ရုပ်ပွားတော်မဖြစ်နိုင်သကဲ့သို့ ကိုးကွယ်ဖို့ မဟုတ်ပါ။

သခင်ယေရှု သိုးကလေးကို ချီထားသည့်ပုံ၊ သခင်ဘုရား၏ ညစာစားပွဲပုံ ပန်းချီကားချပ်များတို့ကို ရုပ်တုပုံဟု သတ်မှတ်၍ မရပါ။ ထိုရုပ်ပုံကားချပ်အားဖြင့် သခင်ယေရှုသည် ကောင်းသော သိုးထိန်းတစ်ပါး ဖြစ်ကြောင်း (သို့) သူ၏ အမှုတော်မြတ်မှာ ထိုသို့ဖြစ်ကြောင်း ပုံဖော်ထားခြင်းသာ ဖြစ်သည်။ပန်းချီကားထဲမှ သခင်ယေရှု၏ ပုံတော်ကို ကြည့်ပြီး ဆုတောင်း၍ မရပါ။

မောရှေက ရုပ်တုကို ထုလုပ်ခဲ့ကြောင်း အချို့တို့က ထောက်ပြခဲ့ကြသည်။ ဣသရေလလူမျိုးများတို့သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြသည့်နောက် (တော၊ ၂၁) မြွေဆိုးများလာ၍ သူတို့ကို ကိုက်ခဲ့ကြသည်။ ထို့နောက် ကြေးဝါမြွေရုပ်တုကို ထုလုပ်ကာ ထောင်ထားပါဟု ဘုရားသခင်က မောရှေကို အမိန့်ပေးခဲ့သည်။ ဘုရားသခင်၏ နှုတ်ထွက်စကားကို နာခံသောအားဖြင့် မြှောက်ထားသော မြွေရုပ်ကို ကြည့်သောသူသည် ကျန်းမာခြင်းရရှိခဲ့သည်။ ထိုအရာသည် လက်ဝါးကပ်တိုင်ပေါ်ဝယ် အသေခံခြင်းဖြင့် ယေရှုခရစ်တော်သည် အပြစ်သားများကို ကယ်တင်မည်ဟူသော ပုံဆောင်ချက်ဖြစ်သည်။ တစ်နည်းအားဖြင့် ဣသရေလလူမျိုးတို့သည် ကြေးဝါးမြွေရုပ်ကို ကြည့်ခြင်းအားဖြင့် ကျန်းမာသကဲ့သို့ ယေရှုခရစ် တော်၏ လက်ဝါးကပ်တိုင်ပေါ်ဝယ် အသေခံခြင်းကို ယုံကြည်သောသူသည် ကယ်တင်ခြင်းခံရလိမ့်မည်။

## ၂။ ရုပ်တု၏ဝိညာဉ်ရေးရာအဓိပ္ပာယ်ကားအဘယ်နည်း

ဘုရားသခင်ထက်သာ၍ချစ်သောအရာမှန်သမျှ ရုပ်တုဖြစ်သည်။ မိဘ၊ လင်၊ ဇနီး၊ သားသမီးအပါအဝင် မိမိကိုယ်ကို ဘုရားသခင်ထက်သာ၍ ချစ်သောအခါ ရုပ်တုဖြစ်လာမည်။၎င်း၏ဆိုလိုရင်းမှာ ဘုရားသခင်မှ တစ်ပါးတစ်ခြားအရာ၊ လူကိုမချစ်ရဟု ပိတ်ပင်တားခြင်းမရှိပါ။

သမ္မာတရားနှင့်အညီ မိဘနှစ်ပါးကို ချစ်လျက် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း သူတို့အပေါ် ရိုသေလေးစားမှုကို ပြသရမည်။ မယုံကြည်သော မိဘကို ရိုသေစွာ ပြုနိုင်ဖို့ ဥပုသ်နေ့ကို ချိုးဖောက်ခြင်းသည် ဘုရားသခင်နှင့်ထက် မိဘကိုသာ၍ ချစ်ခြင်းဖြစ်သည်။ ဘုရားသခင်သည် ထိုသို့သားသမီးများအပေါ် စိတ်ပျက်သည်သာမက မိဘကိုရိုသေစွာ ဆက်ဆံရာလည်းရောက်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် ထိုသို့သော မိဘများကို ဘုရားကျောင်းသို့ ဦးဆောင်ကာ ခေါ်သွားပြီး ကယ်တင်ခြင်းသို့ရောက်စေမည်ဆိုလျှင်သာ် မိဘနှစ်ပါးကို ရိုသေခြင်းအစစ်ဖြစ်သည်။

ထိုသို့ မိဘနှစ်ပါးအပေါ် ပြုကျင့်ရမည်။ သားသမီးအပေါ် မှန်ကန်စွာချစ်သောသူသည် ဘုရားသခင် ဘုရားသခင်ကို ရှေးဦးစွာချစ်ပြီးမှ သားသမီးအပေါ် မေတ္တာပြရမည်။ ထိုသို့ မချစ်နိုင်လျှင် သားသမီးများကို နတ်ဆိုးရန်မှ မကာကွယ်ပေးနိုင်သည့်အပြင် မကျက်နိုင်သော အနာရောဂါကို ပျောက်ကင်းစေရန် ကုသပေးနိုင်မည်မဟုတ်ပါ။ မိဘနှစ်ပါးကို ရိုသေသောသူ၊ သားသမီးများကို ချစ်သောသူတို့ကို ဘုရားသခင်သည် ကာကွယ်မစလေ့ရှိသည့်အပြင် ကျန်းမာခြင်းနှင့် အခြားကောင်းချီးမင်္ဂလာများကို ပေးလိမ့်မည်။

ဘုရားသခင်ကို ရှေးဦးစွာချစ်လျက် သူ့အားဖြင့် အခြားသောသူ၊အခြားအရာကို ချစ်သောသူသည် စစ်မှန်သော မေတ္တာထားနိုင်သူဖြစ်သည်။ ထို့ကြောင့် ဤသို့ သွန်သင်ထားသော ကျမ်းပိုဒ်၏ အဓိပ္ပာယ်ကို မသိဘဲ မိသားစုကို ဂရုမစိုက်ဘဲ ဘုရားသခင်တစ်ပါးတည်းကိုသာ ချစ်ရမည်ဟု ဘုရားကျောင်းတွင် သင်ကြားပို့ချခြင်းမပြုလုပ်သင့်ပါ။

ယနေ့ယုံကြည်သူများအနက် ဘုရားသခင်ထက် ငွေကြေးကို သာ၍ချစ်သောသူ၊ မိမိ၏ ထင်ပေါ်ကျော်ကြားမှုနှင့် အာဟာရရရှိရေးအတွက် ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်သူများရှိသည်။ သူတို့သည် ရုပ်တုများကို ကိုးကွယ်လျက်ရှိကြသည်။

## ၃။ နာခံမှုအတွက် ကောင်းချီးမင်္ဂလာနှင့် နာမခံသောကြောင့် ရလာမည့် အမင်္ဂလာများ

"ဦးမချ၊ ဝတ်မပြုနှင့်။ အကြောင်းမူကား သင်၏ဘုရားသခင်ငါထာဝရဘုရားသည် သင့်ကို သင်ရောက်မည်ကို မနှစ်လို၊ နှမြောတသ၊ သဝန်တိုသော ဘုရားဖြစ်သည်။ ငါ့ကို မုန်းသော သူတို့၏အမျိုး အစဉ်အဆက်၊ တတိယအဆက်၊ စတုတ အဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သော သူတို့၏အမျိုး အစဉ်အဆက် အထောင်အသောင်းတိုင်အောင် ကရုဏာကိုပြသော ဘုရားဖြစ်၏" (ထွ-၂၀း၅-၆)။

သူသည် သဝန်တိုတတ်သော ဘုရားဖြစ်၏။လူတို့၏ သဝန်တိုတတ်သော အရုပ်ဆိုးအကျည်းတန်သော အရာ၊ညစ်ညူးသောအရာ၊ထိခိုက်စေသောအရာများထွက်ပေါ်လာသော်လည်းဘုရားသခင် ၏ သဝန်တိုခြင်းထဲမှ ထိုသို့သော အရာများ မတွေ့ရပါ။ ယုံကြည်သူများရုပ်တုကိုးကွယ်သောအခါ ဘုရားသ ခင်အနေဖြင့် မျက်နှာလွှဲထားသဖြင့် သူတို့သည် စာတန်၌ အပေါင်းအပါတို့၏ ဖျက်ဆီးခြင်းခံရလိမ့်မည်။ သူတို့သည် ဘေးဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရပြီး စိတ်ဆင်းရဲကြလိမ့်မည်။ သူတို့သည် မိမိအမှားကိုတွေ့ပြီး နောင်တရလျက် ဘုရားသခင်ထံသို့ ပြန်သွားကြလိမ့်မည်။

ဘုရားသခင်သည် သူ၏သားသမီးများ ပျက်စီးခြင်းလမ်းသို့ လျှောက်လှမ်းနေသည်ကို ရပ်တန့်စေပြီး ထာဝရအသက်ရှိရာသို့ လမ်းညွှန်ပေးခြင်းအားဖြင့် သဝန်တိုစိတ်ကို ဖော်ပြထားသည်။ သို့သော် အချို့တို့သည် ဘုရားသခင်ထက် ရုပ်တုကို သာ၍ချစ်သော နည်းလမ်းအားဖြင့် သူ့ကို မုန်းတီးနေကြလျက်ရှိသည်။ သူတို့သည် ဘုရားသခင်၏ ကျိန်ခြင်းအမင်္ဂလာကို ခံရမည်ဖြစ်သဖြင့် သားစဉ်မြေးဆက် ၃ ဆက် ၄ ဆက်တိုင်အောင် တည်လိမ့်မည်။ထို့ကြောင့် သူတို့သည် ဆေးဝါးကုသခြင်းဖြင့် မပျောက်နိုင်သောရောဂါ၊ မသန်စွမ်းဖြစ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်းတို့ကို အဆက်မပြတ်ခံစားရလိမ့်မည်။သို့သော် မျိုးဆက်တဆက်မှ ဘုရားသခင်ကို ဆန့်ကျင်ခြင်း၊ ရိုးရာနတ်ကို ကိုးကွယ်ခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်းတို့ကို နောင်တရလျက် မျက်နှာတော်ကို ပြန်လည်ရှာဖွေမည်ဆိုလျှင် ဘုရားသခင်၏ မျက်နှာသာပေးခြင်းရရှိပြီးတို့ အမင်္ဂလာများ ရပ် တန့်လိမ့်မည်။

သို့သော် မိဘလက်ထက်က ရိုးရာနတ်၊ ရုပ်တုများကို လွန်ကဲစွာ ကိုးကွယ်ခဲ့သော် သားသ မီး များ ယုံကြည်ခြင်းရစေဖို့ ခက်ခဲလိမ့်မည်။ သူတို့သည် သခင်ဘုရားကို လက်ခံသော်လည်း ရိုးရာနတ် ၏ ဝိညာဉ်ချည်နှောင်သည့်ကြိုးရှိနိုင်သေးသဖြင့် ခရစ်ယာန်အသက်တာတွင် ခက်ခဲမှုမျိုးစုံ တွေ့ရလိမ့်မည်။ ရန်သူစာတန်နတ်ဆိုးများသည် သူတို့၏ ယုံကြည်ခြင်းကို နှုတ်ယူကာ သေစေဖို့ မကြာခဏ နှောင့်ယှက်လိမ့်မည်။ ထိုသို့သော အခြေအနေတွင် မိဘများ၏ အပြစ်အတွက် ကိုယ်စားနောင်တရလျက် နှိမ့်ချသော စိတ်ဖြင့် ဘုရားသခင်ကို တောင်းပန်မည်ဆိုလျှင် ဘုရားသခင်သည် သူ့ကို သနား၍ ပြန်လည်ကာကွယ်မှုပေးလိမ့်မည်။

ထိုအရာနှင့်မတူဘဲ ဘုရားသခင်၏ ပညတ်တော်ကို ချစ်၍ စောင့်ရှောက်သူတို့အပေါ်သို့ ဘုရားသခင်၏ ကျေးဇူးတော်မျိုးဆက်ထောင်သောင်းမက တည်လိမ့်မည်။ အမင်္ဂလာသည် မျိုးဆက်၃၊၄ဆက် တည်သောအခါ ကောင်းချီးမင်္ဂလာသည် မျိုးဆက်ထောင်သောင်းမက တည်လိမ့်မည်။ ဤအရာကို တွေ့သောအခါ ဘုရားသခင်၏ မေတ္တာကို တဖန်ခံစားရလိမ့်မည်။

ခရစ်တော်၌ ချစ်သောညီအစ်ကိုမောင်နှမများ၊ ဘုရားသခင်ကို နာခံသောသူ အပါအဝင် သူ၏ဆွေစဉ်မျိုးဆက်ကောင်းချီးမင်္ဂလာခံရလိမ့်မည်။ သို့သော် မိဘနှစ်ပါးအနေဖြင့်မှ ဘုရားသခင်းကို ကောင်းမွန်စွာ ကိုးကွယ်ခြင်းဖြင့် လာမည့် မျိုးဆက်တိုင်းတွင် ကောင်းချီးရဖို့ အာမခံချက်ပေး၍ မရပါ။ ကာယကံရှင်မှ ဘုရားသခင်ကို ချစ်ခြင်း၊ သမ္မာတရားကို လျှောက်လှမ်းခြင်း၊ရုပ်တု ကိုးကွယ်မှုကို ရှောင်ကြဉ်ခြင်းရှိလျှင် ကောင်းချီးမင်္ဂလာအစုလိုက် အပြုံလိုက်ခံစားရလိမ့်မည်။သင်သည် ရုပ်တုမကိုးကွယ် ဘုရားသခင်ကို ဦးထိပ်ထားဖို့ ကျွန်ုပ်မျှော်လင့်ပါသည်။ ထိုသို့ ပြုလုပ်လျှင် သားစဉ်မြေးဆက် ခံစားရမည့် ကောင်းချီး မင်္ဂလာခံစားရဖို့ သခင်ဘုရား၏ နာမအားဖြင့် ကျွန်ုပ်ဆုတောင်းလျက် ရှိသည်။

Burmese
မန်းမင်းသတင်းလွှာ
မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။
လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ၊ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminministry@manmin.org
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း

# သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပေးထားသော ဆုကျေးဇူး (၉) မျိုး

**လူတဦးစီအပေါ် ဝိညာဉ်တော်သည် ဆုကျေးဇူး (၉) မျိုးကိုအလိုရှိသည်အတိုင်းပေးဝေ လျက်ရှိကြောင်း ၁ကော ၁၂း၄–၁၁ တွင် တွေ့ရသည်။ ဝိညာဉ်ဆုကျေးဇူး(၉)မျိုးကို သဘောပေါက်လျက် လက်ခံရယူခြင်းအားဖြင့် တန်ခိုးနှင့် ပြည့်ဝသော အသက်တာကို လျှောက်လှမ်းနိုင်ကြလိမ့်မည်။ ၎င်းတို့ကို ဝေဖန်ပိုင်းခြားကာ သုံးသပ်ကြပါစို့။**

## (၁) ပညာတရား

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပညာတရားကို ရသောသူသည် လိုအပ်ချက် ထွက်ပေါ်လာ သောအခါ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စနစ်တကျ အသုံးချနိုင်လိမ့်မည်၊ ထို့နောက်သူတစ်ပါး၏ အသက်တာ ပြောင်းလဲစေဖို့ယုံပိုးပေးလိမ့်မည်၊

*

သူတို့၏ စိတ်နှလုံးကို သန့်ရှင်းသော ဝိညာဉ်တော်အနေဖြင့် အသစ်ဖြစ်စေရန် ပြုပြင်မွမ်းမံပေး လိမ့်မည်၊ ကိုယ်တော်သည် သူတို့၏ အသက်တာကို အားပေးလျက် ဝမ်းမြောက်ခြင်းနှင့်အတူ ကျေးဇူးတော်ချီးမွမ်းနိုင်ကြလိမ့်မည်။ ထို့အပြင် သူတို့အနေဖြင့် ကောင်းကင်နိုင်ငံမှ မျှော်လင့်ရင်းယုံကြည်ခြင်းဖြင့် အသက်တာတွင် တိုးတက်မှုရှိမည်ဆိုလျှင် ဘုရားသခင်သည် ပညာတရားကို ပေးလိမ့်မည်။ (ယာ-၃း၁၇-၁၈) ဝိညာဉ်ဆုကျေးဇူးကို ရရှိသောသူသည် ဝိညာဉ်ခွန်အားရရှိလျက် မိမိထမ်းဆောင်ရမည့်တာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်၊

## (၂) ထိုးထွင်းခြင်းတရား

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သဘောပေါက်နိုင်ဖို့ နှုတ်ကပတ်တော်အားဖြင့် ဆွေးထွေးမှုကို ရှေးဦးစွာ ခံစားရမည်။ ၎င်း၏ ဆိုလိုရင်းမှာ နှုတ်ကပတ်တော်အပေါ် မျက်စိပွင့်လာမည်ဟု ဆိုလိုသည်။ ထိုသို့ မရှိလျှင် နှုတ်ကပတ်တော်ကို ဦးနှောက်ဖြင့် နားလည်သော်လည်း ဆိုလိုရင်းအမှန်ကို သိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏ စိတ်နှလုံးနှင့် မေတ္တာကို ကျွန်ုပ်တို့မခံစားနိုင်ခြင်း ဖြစ်သည်။

*

ထိုသို့သော ဝိညာဉ်ရေးရာလက်နက်တပ်ဆင်ထားခြင်းမရှိဘဲ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို အသုံးချခြင်း၊ အမှုတော်မြတ်အတွက် အသုံးတော်ခံခြင်းရှိနိုင်မည်မဟုတ်ပါ။ ထိုးထွင်းခြင်း တရားဝိညာဉ် ဆုကျေးဇူးကိုရမှသာလျှင် သမ္မာကျမ်းစာအဖြစ် စားသုံးကာ လက်တွေ့အသုံးချနိုင်လိမ့်မည်။

## (၃) ယုံကြည်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်း၏ ကူညီမှုအားဖြင့်သာလျှင် ဘုရားသခင်ထံမှ ယုံကြည်ခြင်းကို ရရှိလိမ့်မည်။ကျွန်ုပ်တို့၏ဦးနှောက်ထဲတွင်သိုမှီးထားသောသမ္မာတရားကိုလက်တွေ့ကျင့်သုံးနိုင်မှသာယုံကြည်ခြင်းကို ရရှိလိမ့်မည်။

*

ဘုရားသခင်၏ စိတ်နှလုံးကိုရသောသူသည် စိတ်နှလုံးထဲတွင် လက်ခံရရှိသော သမ္မာတရားကို တွေဝေမနေဘဲ ချက်ချင်းလိုက်နာစောင့်ရှောက်လိမ့်မည်။အချို့တို့သည် ဘုရားသခင် အသက်ရှင်ကြောင်း ပြနိုင်သည်။ အထောက်အထား (သို့) ဘုရားသခင်အလုပ်လုပ်သည်ကို တွေ့ရသောအခါ အပြည့်အဝလက်ခံကြလိမ့်မည်။ သူတို့သည် ယုံကြည်ခြင်းဝိညာဉ်ဆုကျေးဇူးကိုရရှိထားသဖြင့် ထိုသို့သော အမှုများကို ပြနိုင်ကြလိမ့်မည်။

## (၄) အနာငြိမ်းခြင်း

အနာငြိမ်းခြင်းဝိညာဉ်ဆုကျေးဇူးကိုရသော သူတို့သည် ဆုတောင်းခြင်းဖြင့် အနာရောဂါမျိုးစုံကို ပေးပျောက်စေနိုင်သူများ ဖြစ်သည်။

*

ရောဂါဝေဒနာရှင်ပြင်းစွာ ခံစားရသော လူနာတစ်ယောက်သည် သူကျူးလွန်ခဲ့သော အမှားကို မြင် လျက် နောင်တရသောအခါ အနာငြိမ်းခြင်းဝိညာဉ် ဆုကျေးဇူးကို ခံရသောသူ၏ ဆုတောင်းခြင်းခံရမည်ဆိုလျှင် ရောဂါပျောက်ကင်းလိမ့်မည်။ ဥပမာ လူတစ်ယောက်အနေဖြင့် သမ္မာတရားကို အလေးမထားသည့် အပြစ်ကျူးလွန်ခဲ့ရသည်ဟု ဆိုပါစို့။ သူသည် စိတ်ထဲက ပါလျက်နောင်တရမည်ဆိုလျှင် အနာငြိမ်းရလျှင် သာ၍ မြန်စွာရောဂါပျောက်လိမ့်မည်။

## (၅) နိမိတ်လက္ခဏာပြသနိုင်သည့် တန်ခိုး

နိမိတ်လက္ခဏာကို ပြသနိုင်သည့် တန်ခိုးကို လူ၏အစွမ်းအစအားဖြင့် မရနိုင်ပါ။ ဤဝိညာဉ် ဆုကျေး ဇူးအားဖြင့် နာတာရှည်ရောဂါ၊ မွေးရာပါရောဂါ၊ ရာသီဥတုကို ထိန်းချုပ်ခြင်း၊ လေထုထဲတွင် ဝိညာဉ်ဆိုးများကို ထိန်းချုပ်ခြင်း၊ လူတစ်ယောက်၏ စရိုက်လက္ခဏာကို ပြုပြင်ပြောင်းလဲစေခြင်း၊ စိတ်နေသဘောထားကိုပြောင်း လဲစေခြင်းစသော အမှုများကိုပြနိုင်လိမ့်မည်၊

*

ဘုရားသခင်၏ အလိုတော်ကို ရှာဖွေသောသူတို့အား ဤဆုကျေးဇူးကို ပေးလိမ့်မည်။ဤသို့ နိမိတ်လက္ခဏာပြသနိုင်သူများသည် လူ၏ အစွမ်းအစကိုကျော်လွန်သည့် အဆင့်သို့ရောက်သူများဖြစ်သည်၊ သူတို့သည် ယုံကြည်ခြင်း၏ စတုတ အဆင့်ကို ရောက်သောသူ၊ ဘုရားသခင်ကို အတိုင်းအထက်လွန်ကဲစွာ ချစ်သောသူဖြစ်သည် အားကြီးသော ဆုတောင်းခြင်းနှင့် ပေါင်းစပ်သောအခါ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောအဆင့်တည်းဟူသော ယုံကြည်ခြင်း၏ ပဉ္စမအဆင့်သို တက်လှမ်းမည်သူများဖြစ်သည်၊

## (၆) ပရောဖက်ပြုခြင်းဆုကျေးဇူး

ပရောဖက်ပြုခြင်းဆုကျေးဇူးဆိုသည်မှာဝိညာဉ်တော်၏ ဖွင့်ပြချက်၊ ဘုရားသခင်၏အလိုတော်နှင့် အညီ အနာဂတ်နှင့်ဆိုင်သောအရာကို ကြိုတင်ဟောပြောခြင်းဖြစ်သည်။ ပရောဖက်ပြုသောသူသည် လူကို တွန်းအားပေးခြင်း၊ နှိုးဆော်ခြင်း၊ နှစ်သိမ့်ခြင်း ပေးလိမ့်မည် (၁ကော၁၄း၃)။

*

ဆုတောင်းအားကြီးသောသူ၊ဘုရားသခင်၏ နှုတ်ကပတ်လိုက် လျှောက်သောသူ၊စိတ်နှလုံးကို အညစ်အကြေးနှင့် ကင်းစင်စေသောသူတို့အား ပရောဖက်ဆုကျေးဇူးကို ပေးလိမ့်မည်။ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး၊ ဖွင့်ပြချက် အရ ပရောဖက်ပြုသောကြောင့် သူတို့ပြောသည့်စကားကို ကိုယ်တိုင်မသိ သော အချိန်လည်း ရှိလိမ့်မည်။

## (၇) ဝိညာဉ်များကို ဝေဖန်ပိုင်းခြားနိုင်သည့်ဆုကျေးဇူး

ဝိညာဉ်များကို ဝေဖန်ပိုင်းခြားခြင်းဆုကျေးဇူးအားဖြင့် ဘုရားသခင်၏ အလိုတောက်ကို သိလိမ့်မည်။ ဤသို့သောဝိညာဉ်ဆုကျေးဇူးကို ရရှိနိုင်ဖို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အပြည့်အဝနာခံဖို့လိုသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အသံကို လက်တွေ့လိုက်လျှောက်လျှင် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဝိညာဉ်များကို ဝေဖန်ပိုင်းခြားနိုင်လိမ့်မည်၊

*

ဝိညာဉ်များကို ဝေဖန်ပိုင်းခြားနိုင်သည့် ဆုကျေးဇူးရသောအခါ ဇာတိအရာနှင့် ဝိညာဉ်အရာကို ရှင်းလင်းစွာ တွေ့မြင်ရပေလိမ့်မည်။ ကျွန်ုပ်တို့၏ စိတ်ခံစားမှုကို အခြေခံလျက် ထွက်ပေါ်လာသည့်အရာနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အသံ၊ အကောင်းနှင့်အဆိုး၊ သမ္မာတရားနှင့် မုသားစသည်တို့အား ခွဲခြား၍ သိခွင့်ရလိမ့်မည်။ ဝိညာဉ်ဆိုးများ၏ တန်ခိုးကို အသုံးချသောသူ၊ ဝိညာဉ်ဆိုး၏ နှောက်ယှက်မှုခံရသောသူ ခွဲခြားသိနိုင်သည့်အပြင် လျှင်မြန်စွာ တုန့်ပြန်နိုင်လိမ့်မည်ပေ။

## (၈) ဘာသာစကား အမျိုးမျိုးပြောသည့် ဆုကျေးဇူး

ခရစ်ယာန်အသက်တာတွင် အခြားသော ဘာသာစကားပြောခြင်း၏ အကျိုးသက်ရောက်မှုများစွာ ရှိ သဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံသော သားသမီးတိုင်းကို ဘုရားသခင်အနေဖြင့် ဤဆု ကျေးဇူး ကို ရရှိစေလိုသည်၊

*

အခြားသော ဘာသာစကား ဆုတောင်းခြင်းသည် ဝိညာဉ်တော်အားဖြင့် ဆုတောင်းခြင်းဖြစ်သည်။ ဝိညာဉ်အားဖြင့် ဆုတောင်းသောအခါ ဝိညာဉ်တော်၏ တန်ခိုးနှင့်ပြည့်စေခြင်း၊ ဘုရားသခင် ၏ နှုတ်ကပတ် တော်ကို ပို၍သဘောပေါက်ခြင်းရှိလိမ့်မည်၊ ကျွန်ုပ်တို့အနေဖြင့်သာ၍ အားစိုက်ထုတ်ပြီး ဆုတောင်းကာ ဝိညာဉ်တော်နှင့် ပြည့်ဝလျှင် ကျွန်ုပ်တို့၏ ဝိညာဉ်သာ၍ ခွန်အားရရှိလိမ့်မည်၊ ကျွန်ုပ်တို့အနေဖြင့် ခက်ခဲမှု ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်သည့်အပြင် စာတန်၏ အနှောက်အယှက် ပရာဂများကို တားဆီး နိုင်လိမ့်မည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်ကို စာတန်သည် အဟန့်အတားမလုပ်နိုင်သဖြင့် ဘုရားသ ခင်၏ အဖြေပေးခြင်းကို ပို၍ရလိမ့်မည်၊

## (၉) အခြားသော ဘာသာစကားကို အနက်ဖွင့်ခြင်းဆုကျေးဇူး

သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြခြင်းခံရသောသူသည် အခြားသော ဘာသာစကားကို အနက်ဖွင့်လိမ့်မည်။ထိုသူသည် ဘုရားသခင်၏ ထူးခြားသော အလိုတော်ခံရသောသူ (သို့) အသက်တာသန့်ရှင်း သောသူ ဖြစ်သည်၊

*

ပရောဖက်ပြုခြင်း၊ အခြားသောဘာသာစကားကို အနက်ဖွင့်ခြင်းဆုကျေးဇူးအားဖြင့် မလိုလား အပ်သော စဉ်းစားတွေးခေါ်မှုကို ရပ်တန့်စေနိုင်လိမ့်မည်။ ဘုရားသခင်သည် ဤဆုကျေးဇူးများကို ပေးလိုက် သော်လည်း ကြိုတင်အကာအကွယ်မယူထားလျှင် ဤဆုကျေးဇူးကို အသုံးပြုနေစဉ် လူ့အတွေးအခေါ်များစွာ ဝင်လာလိမ့်မည်။ ထို့ကြောင့် သမ္မာကျမ်းစာတရားအတိုင်း အသက်မရှင်သော သူတို့အား ဘုရားသခင်သည် ဤဆုကျေးဇူးကို မပေးဘဲ ထားသည်။ အကယ်ပေးခဲ့သော် စာတန်အတွက် ညအသုံးပြုကြလိမ့်မည်၊

ဒေါက်တာအန်ဒရီ ဂါဆီရှိစကီသည် (၃၂)နှစ်မြောက် မန်းမင်းဗဟိုအသင်းတော်၏ နှစ်ပတ်လည်ပွဲသို့ သွားညးရောက်လည်ပတ်ခဲ့သည်။သူ့ကို တွေ့ဆုံးမေးမြန်းသည့် အချက်များကို အောက်တွင် ဖော်ပြထားသည်။



# "မန်းမင်းဗဟိုအသင်းတော်သည် မေတ္တာနှင့် ပြည့်ဝသူများ စုရုံးရာအရပ်ဖြစ်သည်"



**ဒေါက်တာအန်ဒရီ ဂါဆီရှိစကီ(၅၅)နှစ်၊ အစ္စရေးလ်**

ကူညီတတ်သော လက်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အထွေထွေအလုပ် အမှုဆောင် ဒါရိုက်တာ နည်းပညာ(Otolaryngoloist, Obsletrician & Gyneccologist) ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စီးအီးအို

## ဘုရားသခင်၏ ကောင်းချီးအမင်္ဂလာခံစားနိုင်ဖို့ သင်၏ အဓိကသော့ချက်ကား အဘယ်နည်း။

ကျွန်ုပ်မမွေးဖွားမီက မိခင်အနေဖြင့် ဘုရားသခင်အတွက် ကြိုတင်ဆက်ကပ်ထားခဲ့သည်။ ကျွန်ုပ်သည် ပိုလန်ပြည်သား ဂျူးလူမျိုးဖြစ်သည်။ ကျွန်ုပ်ငယ်ရွယ်စဉ်က သူတစ်ပါး၏ အကြံဉာဏ်ကို ယူပြီး လူအများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် အလုပ်ကို ပြုလုပ်ခဲ့သည်။ ကျွန်ုပ်သည် ဆေးဆရာဝန်ဖြစ်သဖြင့် စီးပွားရေး လုပ်ငန်းအကြောင်း အနည်းငယ်သာ နားလည်ခဲ့သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် အကြံပေး ချက်အရ ** မိမိရသော အခကြေးငွေကို သူတစ်ပါးကို မျှဝေရမည်** ဆိုသည့် အဖွဲ့ကို ဖွဲ့စည်းတည်ထောင် ခဲ့ကြသည်။ ထို့နောက် ဆယ်ဖို့တစ်ဖို့ မှန်မှန်တည်ခဲ့ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ အဖွဲ့အစည်းကို ကောင်းချီးပေးသည့်နောက် ရုံးခွဲ ၆၀၀အထိ တိုးချဲ့လျက် ဒေါ်လာသန်းပေါင်းများစွာ စုဆောင်းကာ ခွဲဝေအသုံးပြုနိုင်ခဲ့ကြသည်။

## အစ္စရေးနိုင်ငံမှ မန်းမင်းဗဟိုအသင်းတော်ကို မည်သို့ သိခဲ့သနည်း။

ကျွန်ုပ်သည် ကဒ်ဘေးဆိုက်နေသည့် နေရာရှိ ဆင်းရဲဒုက္ခကြုံနေရသောသူများကို ကူညီပေးသည့် ပရဟိတ္တအဖွဲ့တစ်ခု၏ အပြည်ပြည်ဆိုင်ရာ ဥက္ကဋ္ဌတစ်ဦးဖြစ်သည်။ သူတို့သည် အများအားဖြင့် လူမျိုးစုအလိုက် သတ်ဖြတ်ခြင်းခံရသည့်နေရာမှ ကျန်ကြွင်းသူများဖြစ်သဖြင့် သနားစရာအလွန်ကောင်းသူများ ဖြစ်သည်။ သူတို့ကို ကူညီရမည့်အချိန်များ ကျွန်ုပ်ပေးခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် သိက္ခာတော်ရ ဆရာဆိုဂျင်လီသည် မန်မင်းဗဟိုအသင်းတော်မှ ရောက်လာပြီး ဧဝံဂေလိတရားဟောပြောခံရာ ဒုက္ခသည် ၁၀၀၀၀ကျော် တက် ရောက်နားထောင်ခဲ့ကြသည်။ ယုံကြည်သူများမှ ဖျော်ဖြေတင်ဆက်မှု ကောင်းစွာ ပြုလုပ်ခဲ့ကြသည်။ ထိုအစီ အစဉ်များမှ ပရိသတ်၏ စိတ်ကို တို့ထိသဖြင့် သခင်ဘုရားကို လက်ခံယုံကြည်ခဲ့ကြသည်။

## မန်းမင်းကို သင်ရောက်ရှိနေစဉ် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးကား အဘယ်နည်း။

ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလိုတော်၊ တိုက်တွန်းချက်များကို လိုက်နာ ခဲ့ကြကြောင်း တွေ့ရသည်။ ထိုသို့ လိုက်နာခြင်းသည် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ မန်းမင်းဗဟို အသင်းတော်သည် မေတ္တာနှင့် ပြည့်ဝသူများစုရုံးသည့် နေရာဖြစ်သည်။ရောက်ရှိလာသောသူတိုင်းကောင်း ကင်သစ်နှင့် ယေရုဆလင်မြို့သစ်ကို စောင့်မျှော်ရင်း အချင်းချင်းမေတ္တာမျှဝေနိုင်သူများ ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ ပညတ်တော်ကို စောင့်ရှောက်သူများ၊ သန့်ရှင်းသော အသက်တာကို လျှောက်လှမ်းသူများ၊ ယေရုဆလင်မြို့ဆစ်ကို ရောက်ဖို့ရည်မှန်းထားသူများ ဖြစ်သည်။သူတို့သည် ကောင်းကင်နိုင်ငံမရောက်မီ ထိုနိုင်ငံ၏ အရသာကို ကြိုတင်မြည်းစမ်းနိုင်သူများဖြစ်သည်။လူအပေါင်းတို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝလျက် ဘုရားသခင်၏ အခြေခံနိုင်ဖို့ မန်းမင်းဗဟိုအသင်းတော်အားဖြင့် သင်ယူနိုင်ဖို့ မျှော်လင့်ပါသည်။

## ဒေါက်တာဂျေရောက်လီကို စတွေ့တွေ့ချင်း အဘယ်သို့သင်၏စိတ်ထဲတွင် ခံစားသနည်း။

ဒေါက်တာဂျေရောက်လီကို စတွေ့သောအခါ အံ့ဩမိပါသည်။ သူ၏ တရားဟောချက်ကို ကြားရပြီး ဓာတ်ပုံများကိုလည်း တွေ့ခဲ့ရသည်။သူ့ကိုချစ်လျက်ရှိသေလေးစားမိပါသည်။သူသည် ဖခင်စိတ်ဖြင့် လူတကာကို ချစ်နိုင်သောသူဖြစ်သည်။

မကြာမီ သူ၏မေတ္တာနှင့်ဝိညာဉ်ရေးရာ နွေးထွေးမှုကို ခံစားခဲ့ရသည်။ သူသည် အရာရာကို မေတ္တာဖြင့် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ လူအပေါင်းတို့သည် အဘယ်ကြောင့် သူကို ချစ်ကြသည့် အကြောင်းသဘောပေါက်ခဲ့ရသည်။သူ့အားဖြင့် ဘုရားသခင်၏ မျက်မှောက်တော်ကို ကျွန်ုပ်ခံစားခဲ့ရသည်။

သူသည် ဘုရားသခင်၏ အစေခံ၊ လောကီအရာနှင့် အလျှော့အတင်းမပြုလုပ်နိုင်သော သူဖြစ်သည်။ သူသည် ဘုရားသခင်နှင့် ဆက်သွယ်ပြီး လူတို့အား မေတ္တာကို မျှဝေပေးကာ ထိုအရာအတွက် အသက်ရှင်သော သူဖြစ်သည်။

## သင်၏ အနာဂတ်တွင် ပြုလုပ်မည့် ရူပါရုံ၊ သာသနာလုပ်ငန်းကား အဘယ်နည်း။

ဤတွေ့ဆုံမေးမြန်းခန်းတွင် ပါဝင်သော အကြောင်းအရာများသည် ဂျီစီအင်သတင်းဌာနမှတဆင့် အစ္စရေးနိုင်ငံလုံးသို့ ဖြန့်ဝေပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ ထို့အပြင် ဂျီစီအင်အသံလွှင့်ဌာနမှတဆင့် တစ်က မ္ဘာလုံး သိစေရန် အသံလွှင့်ပေးစေလိုပါသည်။ယေရုဆလင်မြို့ရှိ အသံလွှင့်ဌာနမှ သန့်ရှင်းသော ဧဝံဂေလိတ ရားကို ထုတ်လွှင့်ခဲ့ရာ အစ္စရေးနိုင်ငံသာမက တစ်ကမ္ဘာလုံးမှ ကြားသိခဲ့ကြရသည်။

# ကျွန်ုပ်၏ စိတ်နှလုံးထဲရှိ အနက်နဲဆုံးအပိုင်းကို ဘုရားသခင်သိတော်မူ၏

**တောင်ကိုးရီးယားနိုင်ငံ ၂-၂၀သင်းအုပ်ပိုင်နယ်မှ သင်းထောက်မမစ်ယုန်ဆိုး (၄၆နှစ်)**

၂၀၁၄ ခုနှစ်တွင် ဘုရားသခင်၏ အံ့ဩဖွယ်မေတ္တာတော်ကို ခံစားခဲ့ရသည်။ ကျွန်မ (၁၁) တန်းရောက်သော အခါ မိခင်သည် ပိုက်ဆံရှာဖို့ နေအိမ်မှ ထွက်သွားခဲ့သည်။သူမသည် နေအိမ်မှ (၂၇) နှစ်ကြာသည့်တိုင်အောင် နေထိုင်ခဲ့သည်။ ကျွန်မတို့အနေဖြင့် သတင်းစာထဲတွင် လူပျောက်ကြော်ငြာထည့်၍ ရှာဖွေခဲ့ကြသော်လည်း မတွေ့ခဲ့ရပါ။



ကျွန်မသည် အသက်ရှင်တော်မူသော ဘုရားကို ယုံကြည်သည့်နောက် ဒေါက်တာဂျေရောက်လီ ၏ ဆုတောင်းချက်ကို စိတ်အားထက်သန်စွာ ခံယူခဲ့သည်။ ဆုတောင်းခံပြီး မကြာမီ (၂၇) နှစ်ကြာ ပျောက်ဆုံးရာမှ မိခင်သည် အံ့ဩဖွယ်ရာ ပြန်ပေါ်လာသည်။ ယခုနှစ် နွေရာသီတွင် ချိုဆုတ်အရပ်၌ မိသားစုစုံလင်စွာ အပန်းဖြေသွားခဲ့ကြသည်။

ဇာတ်လမ်းသည် ထိုနေရာတွင် အဆုံးမသတ်သေးပါ။ ကျွန်ုပ်၏ စိတ်ထဲတွင်ရှိသော နာကျည်းမှု အလုံးစုံးတို့ကို စွန့်ပစ်နိုင်ခဲ့သည်။ ထိုသို့ ဘုရားသခင်ထံမှ လာသေ အနာငြိမ်းခြင်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် မန်းမင်းအသင်းတော် နွေရာသီအားသစ်လောင်းသင်တန်းမှ ရရှိခဲ့သည်။ ဒေါက်တာလီမှ လူနာများအတွက် ဆုမတောင်းမီ မိခင်အပေါ် မုန်းတီးစိတ်အလွန်ပြင်းထန်သော်လည်း နောင်တရလျက် ဆုတောင်းခံသောအခါ လွတ်မြောက်ခွင့်ရရှိခဲ့သည်။ ကျွန်မအပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်လာ ကြောင်း ခံစားခဲ့ရသည်။ ကျွန်ုပ်သည် ဆုတောင်းခံနေစဉ်မျက်စိအပေါ်သို့ လက် တင်သောအခါ အနာငြိမ်းခြင်း ခံစားခဲ့ရသည်။

ဆုတောင်းပြီးမှကျွန်မ၏အလွန်လှပသောမျက်ရစ်ပြန်ပေါ်လာ သည်။ 'ဟာလေလုယ' ကျွန်ုပ်၏ စိတ်ထဲ တွင်ခံစားခဲ့ရသော နာကြည်းချက်များ ပြန်လည်သက်သာပျောက်ကင်းခွင့်ရသည့်အတွက် ဘုရားသခင်ဒ ဂုဏ်တော်ကို ချီးမွမ်းမိပါသည်။

GCN Global Christian Network
ဖုန်း - ၈၂-၂-၈၂၄-၇၁၀၇
www.gcntv.org
အီးမေးလ် - webmaster@gcntv.org

MIS အပြည်ပြည်ဆိုင်ရာမန်းမင်းစေမီနာရီ
ဖုန်း - ၈၂-၂-၈၁၈-၇၃၃၄
www.manminseminary.org
အီးမေးလ် - manminseminary2004@gmail.com

World Christian Doctors Network WCDN ကမ္ဘာလုံးဆိုင်ရာခရစ်ယာန်ဆရာဝန်များနက်ဝဝ်
ဖုန်း - ၈၂-၂-၈၁၈-၇၀၃၉
www.wcdn.org
အီးမေးလ် - wcdnkorea@gmail.com

ယူရင်းစာအုပ်တိုက်
ဖုန်း - ၈၂-၇၀-၈၂၄၀-၂၀၇၅
www.urimbooks.com
အီးမေးလ် - urimbook@hotmail.com